ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကြံခင်းမြို့နယ်

လူထုဗဟိုပြုစီမံကိန်း

National Community Driven Development Project

(NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)

ကြံခင်းမြို့နယ်

၂၀၁၈ ခုနှစ် ကွမ်းအစ်ကုန်း အုပ်စု ၊ ကြာအင်းလေး ကျေးရွာ

မာတိကာ

၁. မြို့နယ်မြေပုံ

၂.ကျေးရွာမြေပုံ (တည်နေရာ)

၃.အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း

၄.ကျေးရွာအခြေခံအချက်အလက်များ

၅.လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA) အကျဉ်းချုပ်ဇယား

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools များနှင့်တစ်ခုချင်းစီ အတွက် သုံးသပ်ချက်များ

၇.ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်း ဓါတ်ပုံများ

၈.ကော်မတီဝင်များစာရင်း

၉.ကျေးရွာအချက်အလက် (ပုံစံ-၁)

၁၀.စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)


၁၁.ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၂.ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)

၁၃.အစည်းအဝေးမှတ်တမ်းများ


၁၄.ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

၁. မြို့နယ်မြေပုံ



ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြမြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟသ်ာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲ ခူး တိုင်း ဒေ သ ကြီး
အလုံချောင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ကျောက်နီချောင်း
ကြံခင်းသစ်တောကြိုးဝိုင်း
မြန် အောင် မြို့ နယ်
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

၂.ကြံခင်းမြို့နယ် ကွမ်းအစ်ကုန်း ကျေးရွာအုပ်စုပြမြေပုံ




ကွမ်းအစ်ကုန်းကျေးရွာအုပ်စု ပြမြေပုံ

**၃. အုပ်စုတွင်ပါဝင်သောကျေးရွာစာရင်း**

ကွမ်းအစ်ကုန်း ကျေးရွာအုပ်စု တွင်ပါဝင်သော ကျေးရွာများမှာ -

၁. ကွမ်းအစ်ကုန်း ကျေးရွာ

၂. ရေလယ်ကျင်း ကျေးရွာ

**၃. ကြာအင်းလေး ကျေးရွာ**

၄. သာယာကုန်း ကျေးရွာ

၅. ပင်ကတိုင်း ကျေးရွာ

၆. ဝွေးချို ကျေးရွာ

၇. သာပေါင်း ကျေးရွာ

၈. ဂန်ထောက်ကွင်း ကျေးရွာ

၉.ဖိုးခေါင်ကွင်း ကျေးရွာ တို့ဖြစ်ပါသည်။

ကွမ်းအစ်ကုန်း ကျေးရွာအုပ်စုသည် ကျေးရွာပေါင်း(၉)ရွာ ဖြင့်ပါဝင်ဖွဲ့စည်းထားပါသည်။

### ၄.ကျေးရွာအခြေခံ အချက်အလက်များ

ကြာအင်းလေး ကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး ၊ ဟင်္သာတ ခရိုင် ၊ ကြံခင်းမြို့နယ်၊ ကွမ်းအစ်ကုန်း ကျေးရွာအုပ်စု တွင်တည်ရှိသော ရွာလေးတစ်ရွာဖြစ်ပါသည်။အိမ်ခြေ (၂၀ )၊ လူဦးရေ (၆၀) ဦးဖြင့်ဖွဲ့စည်းထားပါသည်။ကွမ်းအစ်ကုန်း အုပ်စု၏ ဗဟိုချက်အဖြစ် ကွမ်းအစ်ကုန်း ကျေးရွာအား သတ်မှတ်၍ ကြာအင်းလေး ကျေးရွာနှင့် ကွမ်းအစ်ကုန်း ကျေးရွာသည် (၄)ဖာလုံခန့်သာဝေးပါသည်။ ကြာအင်းလေး ကျေးရွာမှ ကြံခင်းမြို့သို့(၁၃)မိုင်ဟုခန့်မှန်းရပါသည်။

ရွာတည်သက်တမ်းမှာ နှစ်ပေါင်း (၁၀၀) ကျော်ရှိပြီဟု ခန့်မှန်းရပါသည်။ ကြာအင်းကြီးရွာ၏ ချောင်းတစ်ဘက်ကမ်းတွင် ရှိသောကြောင့် ၎င်းရွာကို အစွဲပြု၍ ကြာအင်းလေး ကျေးရွာဟုခေါ်တွင်ခဲ့ပါသည်။ရွာတည်ဟန်မှာ လေးကိုင်းလှာန်ရှိပြီး ကွန်းချောင်းအမှတ်(၂)သည် ရွာအားကွေ့ဝိုက်စီးဆင်းနေပါသည်။ကြားအင်းလေးရွာ၏ အရှေ့ဘက်တွင် ကြာအင်းကြီး ကျေးရွာ၊ အနောက်ဘက်တွင် မြောင်ကြီး ကျေးရွာ၊တောင်ဘက်တွင် ကွမ်းအစ်ကုန်း ကျေးရွာတို့တည်ရှိနေကြပါသည်။

အဓိကစီးပွားရေးမှာ လယ်ယာလုပ်ငန်းဖြစ်၍ ဆန်စပါးနှင့် မတ်ပဲ စိုက်ပျိုးကြပါသည်။ချောင်းသောင်ခုံတွင် မြေပဲ၊ မတ်ပဲ နှင့် အခြားသီးနှံများစိုက်ပျိုးကြပါသည်။ဗမာလူမျိုးများဖြစ်၍ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပါသည်။ချောင်းဘေးတွင်ရှိသော ရွာလေးဖြစ်၍ မိုးရာသီတွင် ရေကြီးရေလျှံခြင်း၊ ကမ်းပါး ရေတိုက်စားခြင်းများ တွေ့ကြုံ ရပါသည်။ ယခင်က ကြာအင်းကြီးရွာ နှင့် ကြာအင်းလေးရွာကို ဝါး ချောင်း ကူးတံတား ဖြင့်သွားရသည်။၂၀၁၅ ခုနှစ်တွင် ဆွစ်ဇာလန် နိုင်ငံမှ ပြင်ပအလှူရှင် မစ္စတာတိုနီ ဆိုသူက ကြိုးတံတားအတွက်လိုအပ်သော ပစ္စည်းများ နှင့် တပ်ဆင်မှုကို ပြုလုပ်လှူဒါန်းခဲ့ပြီး ကျေးရွာ ဘက်မှ ကြိုးတံတား အတွက်ကမ်းကပ်ခုံ နှင့် လုပ်အားကို ပါဝင်စေခဲ့ပါသည်။ယခုအခါ ထိုတံတားဖြင့် အချိန်မရွေး သွားလာရ လွယ်ကူနေသည်ကို တွေ့ခဲ့ရပါသည်။စာသင်ကျောင်း၊ စာကြည့်တိုက်၊ ဆေးပေးခန်း စသည့် အခြေခံအဆောက်အဦးဟူ၍ မရှိပါ။

ကြာအင်းလေး ကျေးရွာသူရွာသားတို့သည် မိမိတို့ကျေးရွာနှင့်ပတ်သက်၍ အိမ်မက်များရှိကြပါသည်။တံတားရှိသော်လည်း လမ်းများကောင်းရန်၊ ချောင်းဘေးတွင်ရှိသော်လည်း မိုးအခါတွင် ရေရှားသဖြင့် သန့်ရှင်းသော သောက်သုံးရေရရှိရန် မျှော်လင့်ခဲ့ကြသည်။ကြာအင်းလေး ကျေးရွာသူရွာသားတို့သည် ဖွံ့ဖြိုးရေးကို အစဉ်လိုလားကြသူများဖြစ်ကြပါသည်။


၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | လူမှုနှင့်သဘာဝအရင်းမြစ်ပြမြေပုံ (Social map & Resource map) | 14. 9. 2017 | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ရပ်ရွာလူထုများ | ၁၆ | ၉ | ၂၀ | -ဒေသတွင်းသဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်မဦးများ<br>-ဘာသာရေးအဆောက်အဦများ<br>-လမ်းပမ်းဆက်သွယ်ရေး |
| ၂။ | ရာသီခွင်ပြပြက္ခဒိန် (Seasional Calendar) | 14. 9. 2017 | ကော်မတီဝင်များ၊ရပ်ရွာလူထုများ | ၁၆ | ၉ | ၂၀ | -ရာသီဉတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်ကိုင်အခွင့်လမ်းများ၊ပွဲတော်များ၊ သဘာဝဘေးများ၊လယ်ယာလုပ်ငန်းနှင့်အခြားလုပ်ငန်းများ |
| ၃။ | လူမှုစီးပွားအဆင့်သက်မှတ်ခြင်း (Wealth Ranking) | 14. 9. 2017 | ချမ်းသာ၊ အလယ်အလက်နွမ်းပါးအုပ်စုများ | ၁၆ | ၉ | ၂၀ | -ကျေးရွာ လူမှုစီးပွားအုပ်စုများခွဲခြားသက်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ အများသဘောတူသက်မှတ်နိုင်ရေး<br>-ကျေးရွာ၏လူမှုစီးပွားအခြေအနေ |
| ၄။ | အဖွဲ့စည်းချိတ်ဆက်မှုပြမြေပုံ (Venn Diagram) | 14. 9. 2017 | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊အခြားအဖွဲ့တွင်ပါဝင်သူများ | ၁၆ | ၉ | ၂၀ | -ကျေးရွာတွင်း ၊ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက်ဆောင်ရွက်နေပုံ။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅။ | ပင့်ကူအိမ်ကွန်ယက် (Cobweb) | 14. 9. 2017 | ကျေးရွာရှိ အမျိုးသားနှင့် အမျိုးသမီးများ | ၁၆ | ၉ | ၂၀ | -နေ့စဉ်ဘဝအတွက် ဆောင်ရွက်မှုတွင် အမျိုးသားနှင့်အမျိုးသမီးတို့ပါဝင်မှုအချိုး<br>-အမျိုးသားနှင်.အမျိုးသမီးတန်းတူအခွင့်ရေး ရရှိနိုင်မှုပေါ်သုံးသက်ခြင်း |
| ၆။ | အရင်းမြစ်များ အပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု (Assent Mapping) | 14. 9. 2017 | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | ၁၆ | ၉ | ၂၀ | -အရင်းမြစ်များပေါ်တွင် (အမျိုးသားနှင့်အမျိုးသမီးများ)အသုံးပြုနိုင်မှုနှင့် ထိန်းချုပ်မှုသည်မည်သည့်အကြောင်းကြောင့်နည်း။မည်သို့ညီမျှစွာခံစားခွင့်ရမည်နည်း။ |
| ၇။ | အခက်ခဲပြသနာ (Problem) | 14. 9. 2017 | ကော်မတီဝင်များနှင့်ရပ်ရွာလူထုများ | ၁၆ | ၉ | ၂၀ | -ဒေသဖွံ့ဖြိုးရေးအတွက် အနှောင့်အယှက်အတားဆီး၊အခက်ခဲများ<br>-လိုအပ်ချက်များ |
| ၈။ | ကျေးရွာ မျော်မှန်းချက် (Village Vision) | 14. 9. 2017 | ကော်မတီဝင်များနှင့်ရပ်ရွာလူထုများ | ၁၆ | ၉ | ၂၀ | -ဒေသဖွံ့ဖြိုးရေးအတွက် ဘာတွေကိုမျော်မှန်းထားသလဲ<br>-ဘာကြောင့်မျော်မှန်းထားမှု |
| ၉။ | ပြသနာသစ်ပင် (Problem Tree) | 14. 9. 2017 | အားလုံး | | | | -ဆွေးနွေးထားသောအခက်ခဲများ<br>-ဖြစ်ပေါ်လာရသည့်အကြောင်းရင်းများ အကျိုးဆက်များ<br>-မည်ကဲ့သို့ဖြေရှင်းရမည်နည်း။ |
| ၁၀ | ကျေးရွာ ဦးစားပေး လုပ်ငန်း | 14. 9. 2017 | ကော်မတီဂင်များ၊ ရပ်ရွာလူထုများ၊ တက်ရောက်သူ အားလုံး | ၁၆ | ၉ | ၂၀ | အကျိုးပြုဦးရေ၊အကျိုးခံစားခွင့် လိုအပ်ချက် အဆင့်သတ်မှတ်ခြင်း |

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(က) လူမှုအရင်းအမြစ်ပြမြေပုံ



လူမှုအရင်းအမြစ်ပြမြေပုံ

## ၆။(က) လူမှုအရင်းမြစ်ပြ မြေပုံသုံးသပ်ချက်

ကြာအင်းလေး ကျေးရွာသည် ကွမ်းအစ်ကုန်းအုပ်စု တွင်ပါဝင်သော ကျေးရွာတစ်ရွာဖြစ်ပါသည် ကြာအင်းလေး ကျေးရွာမြေပုံအရ -

- သဘာဝ အရင်းအမြစ်များ အဖြစ် ချောင်း၊ လယ်၊ တောင်ကုန်း၊ ကိုင်း၊ ယာကုန်း တို့တည်ရှိပါသည်။
- လူမှုအရင်းအမြစ်များအဖြစ် လမ်း၊ လယ်ယာသုံးပစ္စည်းများ၊ အိမ်၊ တံတား တို့တည်ရှိပါသည်။
- သဘာဝ အရင်းအမြစ်များ ရှိသော်လည်း လူမှု အရင်းအမြစ်များ ရှားပါးပါသည်။ထို့ကြောင့် လယ်ယာလုပ်ကိုင်သူများပြား၍ လယ်ကိုသာအားထား ကြပါသည်။
- ရွာအနောက်ဘက်တွင် တောင်ကုန်းများရှိ၍ အရှေ့ဘက်တွင် ချောင်းရှိသောကြောင့် ရေကြီးရေလျှံမှု နှင့် တောမီးလောင်ခြင်း သဘာဝဘေး စိုးရိမ်မှုရှိပါသည်။
- ကျေးရွာလိုအပ်ချက်အနေဖြင့် အခြေခံအဆောက်အဦးများနှင့် ရွာလမ်းများ ကောင်းမွန်ရန်လိုအပ်ပါသည်။
- ချောင်းကူးတံတားရှိ၍ သွားလာရလွယ်ကူသော်လည်း မိုးအခါ ပစ္စည်းများ သယ်ယူရာတွင် အခက်အခဲများစွာရှိပါသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်း
စဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(၁) ရာသီခွင်ပြ ပြက္ခဒိန်</u>



ရာသီခွင်ပြ ပြက္ခဒိန်


## ၆။(ခ) ရာသီစွင်ပြ ပြက္ခဒိန် သုံးသပ်ချက်

ကျေးရွာ၏ ရာသီစွင်အခြေအနေအလိုက် ကဏ္ဍအသီးသီးကို လေ့လာခြင်းအားဖြင့် ၎င်းတို့ ကျေးရွာ၏ဖွံ့ဖြိုးတိုးတတ်မှုကိုသိနိုင်သည်။

- တန်ခူးလမှစ၍ နယုန်လအထိ ပူပြင်းခြောက်သွေ့သောရာသီဖြစ်သည်။အလုပ်အကိုင်ရှားပါး၍ ဝင်ငွေနည်းပါးသောကာလ ဖြစ်သည်။ဝါဆိုလမှစ၍ လယ်ယာလုပ်ငန်းစွင်ဝင်ကြရပါသည်။ထို ကာလသည်ပုံမှန် ဝင်ငွေရရှိသောကာလ ဖြစ်သည်။တန်ဆောင်မုန်းလတွင် စပါးများရိတ်သိမ်း ၍ဝင်ငွေများပြားသော လဖြစ်ပါသည်။
- ရာသီအကူးအပြောင်းကာလများတွင် နာစေး၊ ချောင်းဆိုး၊ တုတ်ကွေး နှင့် ငှက်ဖျားရောဂါများ ဖြစ်တတ်ကြပါသည်။ရာသီပွဲတော်များ သာကျင်းပ၍ အခြားပွဲတော်များ မရှိပေ။နွေရာသီတွင် သောက်သုံးရေ လွယ်ကူသော်လည်း မိုးရာသီတွင် သောက်သုံးရေရှားပါးသည်။
- မိုးရာသီတွင် ချောင်း၊ မြောင်း၊ ရှိ၍ အသားငါး နှင့် အသီးအရွက်ပေါများပါသည်။ကျန်ကာလများ တွင်ဒေသထွက် အသီးအရွက်များကိုသာ စားသုံးကြပါသည်။
- ကျေးရွာအနေဖြင့် စီးပွါးရေး၊ သောက်သုံးရေရရှိခြင်း၊ အစားအသောက်၊ ကျန်းမာရေး အခြေအနေ တို့သည် သင့်တော်မျှတသော ကျေးရွာကလေးဖြစ်သည်ကိုတွေ့ရပါသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(က) လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း</u>



လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း


## ၆။(ဂ) လူမှုစီးပွါးအဆင့်သတ်မှတ်ခြင်း သုံးသပ်ချက်

ကြာအင်းလေး ကျေးရွာ၏ လူမှုစီးပွါးသတ်မှတ်ချက် အဆင့်များအား လေ့လာခြင်းဖြင့် ကျေးရွာ၏ စီးပွါးရေးအခြေအနေကို သိရှိနိုင်သည်။

- ကြာအင်းလေး ကျေးရွာတွင် နွမ်းပါးသော အိမ်ထောင်စု မရှိပါ။ မပြေလည်သော အိမ်ထောင်စု (၆)စုရှိပါသည်။၎င်းအိမ်ထောင်စုများသည် ပျဉ်ထောင်ပျဉ်ခင်း၊သက်ငယ်မိုးအိမ်၊ လယ်၊ကိုင်းမရှိ ၊နွားရှိ၍ လက်လုပ်လက်စားများဖြစ်ကြပါသည်။
- အသင့်အတင့် အိမ်ထောင်စု (၆)စုဖြစ်၍ ချမ်းသာသော အိမ်ထောင်စုမှာ (၈)စုရှိပါသည်။လယ်၊ ကိုင်း၊ ကုန်း၊ နွားများပိုင်ဆိုင်ကြ၍ ဝမ်းစာ စပါးသိုမှီးကာ ပြည့်စုံသော မိသားစုများ ဖြစ်ကြပါသည်။
- ဤမြေပုံအရ ကြာအင်းလေး ကျေးရွာသည် စီးပွါးရေးကောင်းမွန်၍ အဆင်ပြေသော ကျေးရွာတစ်ရွာ ဖြစ်သည်ဟု ယူဆရပါမည်။(၁၀၀%)တွင် (၃၀%) သာနွမ်းပါးသူများ ဖြစ်ကြပါသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်း စဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(ဃ) အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ</u>




အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ


## ၆။(ဃ) အဖွဲ့အစည်းချိတ်ဆက်မှု သုံးသပ်ချက်

ကျေးရွာတွင်း နှင့် ကျေးရွာပြင်ပရှိ အဖွဲ့အစည်း အသီးသီး၏ ချိတ်ဆက်ပုံကို သိရှိရန် နှင့် ချိတ်ဆက်ဆောင်ရွက်တတ်စေရန် -

- ကျေးရွာတွင်းအဖွဲ့အစည်းများ အဖြစ် အုပ်ချုပ်ရေးအဖွဲ့၊ အရံမီးသတ်၊ ဂေါပကအသင်း၊ ကောက်စိုက်သမအသင်း၊ ပရိတ်အသင်းတို့အားတွေ့ရပါသည်။၎င်းအဖွဲ့အစည်း များသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြန်အလှန် ချိတ်ဆက်ဆောင်ရွက်မှု ရှိကြောင်းတွေ့ရပါသည်။
- အုပ်ချုပ်ရေးအဖွဲ့အစည်းသည် ကျေးရွာမှ အုပ်စု နှင့် မြို့နယ်တို့အားချိတ်ဆက်ထားသည်။ ကျေးရွာတွင်ကြီးမားသော အဖွဲ့အစည်းဖြစ်သကဲ့သို့ ဩဇာရှိသောအဖွဲ့အစည်းလည်းဖြစ်ပါသည်။
- အဖွဲ့အစည်းများပြားသော်လည်း ရပ်ရွာအကျိုးပြု ဖွံ့ဖြိုးရေး အဖွဲ့အစည်းအဖြစ် လူထုဗဟိုပြု စီမံကိန်းကိုသာ တွေ့ရပါသည်။အခြားအဖွဲ့အစည်းများဝင်ရောက်ထားခြင်း မရှိပါ။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(င) အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု




အရင်းအမြစ် များအပေါ်လွှမ်းမိုးမှု နှင့် ဆုံးဖြတ်နိုင်မှု


### ၆။(င) အရင်းအမြစ်များအပေါ် အသုံးပြုမှု၊ ပိုင်ဆိုင်မှု နှင့် ထိန်းချုပ်မှု သုံးသပ်ချက်

အရင်းအမြစ်များတွင် သဘာဝအရင်းအမြစ်နှင့် လူမှုအရင်းအမြစ်ဟူ၍ ရှိပါသည်။ကျေးရွာ၏ အရင်းအမြစ်များကို လေ့လာခြင်းသည် ကျေးရွာ၏ဖွံ့ဖြိုးရေးကို မှန်းဆနိုင်သည်။

- အမျိုးသားများသည် လယ်၊ ကိုင်း၊ နွား နှင့် လယ်ယာပစ္စည်းများအား အသုံးပြုကြပါသည်။ အမျိုးသမီးများသည် အပ်ချုပ်စက်၊ ကြက်၊ ဝက်၊ တို့ကိုအသုံးပြုကြပါသည်။အိမ်၊ တံတား၊ လမ်း၊ နှင့် စက်ကိရိယာတို့ကို နှစ်ဦးနှစ်ဖက် အသုံးပြုကြပါသည်။
- ပိုင်ဆိုင်မှု၊ ဆုံးဖြတ်ခွင့်များတွင်မူ အမျိုးသားများကသာ ပိုမိုဆုံးဖြတ်ခွင့်များ သည်ကို တွေ့ရပါသည်။နှစ်ဦးနှစ်ဖက် ဆုံးဖြတ်ကြသော အရာများမှာ အများပိုင်အဆောက်အဦးများ ဖြစ်သည့် ကျောင်း၊ လမ်း၊ တံတား၊ တို့ဖြစ်ကြပါသည်။
- အရင်းအမြစ်များအား ကျား - မ တန်းတူ အချိုးညီစွာ အသုံးပြုကြသော်လည်း အရေးကြီးသည့် ဆုံးဖြတ်ချက်များ ထိန်းချုပ်မှုများကို အမျိုးသားများကသာ ဆောင်ရွက်ကြကြောင်းတွေ့ရပါသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(စ) ပင့်ကူအိမ်ကွန်ယက်</u>



ပင့်ကူအိမ်ကွန်ယက်


### ၆။(စ) ပင်ကူအိမ်ကွန်ယက် သုံးသပ်ချက်

ပင့်ကူအိမ် သုံးသပ်ခြင်းသည် ကျေးရွာတစ်ရွာ၏ ကျား-မ ရေးရာကဏ္ဍကို ဆိုလိုခြင်းပင်ဖြစ်သည်။

- အမျိုးသားများသည် အရင်းအမြစ်အပေါ် အသုံးချမှုကဏ္ဍ၊ အုပ်ချုပ်မှု၊ လုံခြုံမှု၊ အဖွဲ့အစည်းများနှင့်ဆောင်ရွက်မှု ကဏ္ဍများတွင် အမျိုးသမီးများထက် ပိုမိုလက်လှမ်းမှီကြောင်း တွေ့ရသည်။
- အမျိုးသမီးများသည် အိမ်တွင်းမှုကဏ္ဍတွင် ပါဝင်လုပ်ဆောင်မှုအများဆုံး ရှိကြောင်း တွေ့ရပါသည်။အုပ်ချုပ်မှု နှင့် အရင်းအမြစ် အသုံးပြုမှုတွင် အားနည်းကြောင်းတွေ့ရသည်။
- ကျား-မ ကွာခြားမှု နည်းပါးသော ကဏ္ဍများမှာ ဝင်ငွေရှာဖွေမှု၊ ပညာရေးအပေါ် လက်လှမ်းမှီမှု၊ အလုပ်အကိုင် အခွင့်အလမ်း ရရှိနိုင်မှု တို့ဖြစ်ကြပါသည်။
- ကဏ္ဍအသီးသီးတွင် အမျိုးသားများသည် အမျိုးသမီးများထက် ပိုမိုလက်လှမ်းမှီကြောင်း တွေ့ရပါသည်။အမျိုးသမီးများသည် အိမ်တွင်းမှု ဌသာ အချိန်ကုန်၍ အစဉ်လာသကဲ့သို့ ရှက်ကြောက်ခြင်း၊ အမျိုးသားများကိုသာ နေရာပေးခြင်း၊ လူမှုဓလေ့ထုံးစံကို လွန်ဆန်ရန်ခက်ခဲခြင်း တို့ကြောင့် ကဏ္ဍအသီးသီးတွင် နောင့်နှေးနေခြင်းဖြစ်ပါသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဆ) ကျေးရွာအခက်အခဲပြဿနာ



အခက်အခဲ ပြဿနာများ


**၆။(ဆ)ကျေးရွာ အခက်အခဲ ပြဿနာများ**

ကျေးရွာ၏ အခက်အခဲ ပြဿနာများမှာ ကျေးရွာ၏ စိန်ခေါ်မှုပင်ဖြစ်၏။

- ရွာ၏နေအထားအရ ချောင်းဘေးတွင် နီးကပ်စွာ တည်ရှိနေသောကြောင့် ရေတိုက်စားမှု ဒဏ်အား နှစ်စဉ်ခံစားရပါသည်။
- မိုးရာသီတွင် လမ်းပန်းဆက်သွယ်ရေး မလွယ်ကူသောကြောင့် ဒေသထွက် သီးနှံများအချိန်မှီ တင်ပို့ရောင်းချရန်ခက်ခဲပါသည်။
- မိုးရာသီတွင် ကားများ၊ လှည်းများဝင်၍ မရသောကြောင့် ဘာသာရေး၊ ကျန်းမာရေးဆိုင်ရာများ ပစ္စည်းများ သယ်ယူရန် အခက်အခဲများရှိပါသည်။
- ချောင်းရေအား နွေရာသီတွင် သောက်သုံးနိုင်သော်လည်း မိုးရာသီတွင် သောက်သုံးရန် မသင့်၍ သောက်သုံးရေရှားပါးသော အခက်အခဲကိုလည်း ရင်ဆိုင်ရပါသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(၉) ကျေးရွာမျှော်မှန်းချက်</u>




မျှော်မှန်းချက်


### ၆။(ဈ) ကျေးရွာ မျှော်မှန်းချက်အား သုံးသပ်ချက်

ကျေးရွာ၏ မျှော်မှန်းချက်များတွင် အမျိုးသား နှင့် အမျိုးသမီး တူညီသော မျှော်မှန်းချက် နှင့် မတူညီသော မျှော်မှန်းချက်များရှိကြပါသည်။

- အမျိုးသား နှင့် အမျိုးသမီး တူညီသော မျှော်မှန်းချက် များမှာ - တစ်ရွာလုံး မီးရရှိရေး (မီးလင်းရေး)၊ ရေတွင်းရကန်ပြည့်စုံရေး၊ ကွန်ကရစ်တံတား၊ ရွာလမ်းမကြီး ကောင်းမွန်ရေး တို့ ဖြစ်ကြပါသည်။
- အမျိုးသားများသည် ကမ်းပါးများအားကျောက်စည်လောင်း၍ ချောင်းရေတိုက်စားခြင်းမှ ကာကွယ်လိုကြပါသည်။၎င်းအပြင် မွေးမြူရေးလုပ်ငန်းများ၊ ဒေသထွက်ကုန်များအား ဈေးကွက် စံချိန်မှီအောင် ရောင်းချရန် မျှော်မှန်းကြပါသည်။
- အမျိုးသမီးများသည် မူလတန်းကျောင်း၊ ဆေးပေးခန်း၊ စသည့် အခြေခံအဆောက်အဦး များကို မျှော်မှန်းသည့်အပြင် စက်ချုပ်သင်တန်းကိုလည်း လိုလားကြပါသည်။
- ကျေးရွာသူရွာသားများ၏ မျှော်မှန်းချက်များ အရ ၎င်းတို့သည် မိမိတို့ရွာအား ဖွံ့ဖြိုးတိုးတတ် စေချင်သော ဆန္ဒရှိနေကြောင်း တွေ့ရပါသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(ည) ကျေးရွာ ဦးစားပေးလုပ်ငန်းများ</u>




ဦးစားပေးလုပ်ငန်းများ

### ၆။(ည) ဦးစားပေးလုပ်ငန်းများ သုံးသပ်ချက်

ကြာအင်းလေး ကျေးရွာတွင်ယခုနှစ် တတိယနှစ်စက်ဝန်းတွင် အကောင်အထည်ဖော်ရန် လုပ်ငန်းအား ကျေးရွာသူရွာသားများရွေးချယ်ကြရာတွင် စီမံကိန်းစက်ဝန်း ပ-နှစ်နှင့်ဒု-နှစ် တို့တွင် ဖော်ထုတ်ခဲ့သော လုပ်ငန်းများထဲမှ အကောင်အထည်ဖော်ရန် ကျန်ရှိနေသေးသော လုပ်ငန်းများအား ပြန်လည်ဆန်းစစ်၍ ရွေးချယ်ခဲ့ကြပါသည်။ထိုသို့ရွေးချယ်ရာတွင် ဦးစားပေးအဆင့်များ သတ်မှတ်၍ ထပ်မံရွေးချယ်ခဲ့ကြပါသည်။

| | ဦးစားပေးလုပ်ငန်း | အဆိုပြုသူ |
|---|---|---|
| (၁) | ရေကန်၊ ရေစက်၊ ရေပိုက်သွယ်တန်းခြင်း | (ကျား+မ) |
| (၂) | ကွန်ကရစ်တံတား | (ကျား+မ) |
| (၃) | လျှပ်စစ်မီး (Transformer) | (ကျား) |
| (၄) | ဆေးပေးခန်း | (မ) |

ကြာအင်းလေး ကျေးရွာ၏ ယခုနှစ် တတိယနှစ်စက်ဝန်း တွင်အကောင်ထည်ဖော်ရန် ဖွံ့ဖြိုးရေး လုပ်ငန်းများအား ကျေးရွာလူထုအမျိုးသား ( ၁၆ ) ဦး နှင့် ကျေးရွာလူထု အမျိုးသမီး ( ၉ ) ဦး တို့က ရွေးချယ်ဖော်ထုတ်ခဲ့ကြပါသည်။

၇။ကော်မတီဝင်များ ရွေးချယ်ခြင်း နှင့် ကျေးရွာ ဖွံ့ဖြိုးရေး အစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ





ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ

၈။ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ အဖွဲ့ဝင်စာရင်း

အုပ်စု။ ။ ကွမ်းအစ်ကုန်း ကျေးရွာ။ ။ ကြာအင်းလေး

စတင်ဖွဲ့စည်းသည့်ရက်စွဲ။ ။ ၁၄. ၉. ၂၀၁၇

| စဉ် | အဖွဲ့ | ရာထူး | အမည် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကျေးရွာစီ/ထောက် | ဥက္ကဌ | ဦးမင်းချစ်သူ | ၀၉၇၉၄၄၂၅၈၇၂ | |
| ၂ | | ဥက္ကဌ | ဒေါ်ခင်ချိုဝင်း | ၀၉၉၇၁၈၀၃၄၅၈ | |
| ၃ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးတိုင်းအောင်လွင် | ၀၉၇၈၇၀၀၇၁၇၃ | |
| ၄ | | အဖွဲ့ဝင် | ဒေါ်ဇင်မာလှိုင် | - | |
| ၅ | | | | | |
| ၆ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်ရီမြင့် | - | |
| ၇ | | အဖွဲ့ဝင် | ဦးဆန်းလင်းနိုင် | ၀၉၇၈၅၅၃၅၀၇၈ | |
| ၈ | | | | | |
| ၉ | လည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်း ရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်စိုးမိုးစံ | - | |
| ၁၀ | | အဖွဲ့ဝင် | ဦးမင်းမင်းစိုး | ၀၉၇၆၆၈၇၉၅၀၀ | |
| ၁၁ | | | | | |
| ၁၂ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဦးမြင့်မောင်ဦး | - | |
| ၁၃ | အကြံပြုတိုင်ကြား ဖြေရှင်းရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဦးသန်းဇော် | - | |
| ၁၄ | | အဖွဲ့ဝင် | ဒေါ်သူဇာအေး | - | |
| ၁၅ | စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးကြည်စိုး | - | |
| ၁၆ | | အဖွဲ့ဝင် | ဒေါ်တင်နီလာဝင်း | - | |

လက်ထောက်နည်းပညာမှူး - ဦးဇာနည်အောင်

လူထုစည်းရုံးရေးမှူး - ဒေါ်ဇာလီနိုင်

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦး မြင့်မောင်ဦး | Ph - 09 77 64 27786 | ဒေါ်ဘလဒိုင် |

| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ဧရာဝတီ | ကြံခင်း | ကြွမ်းအင်ကုန်း | ကြာအင်းလေး |

### က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ဗမာ--- | ၂၀ | ဘာသာ (၁) ---ဗုဒ္ဓ--- | ၂၀ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၄ ဦး | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၂၉ | ၃၁ |
| လူမျိုးစု (၁)------------ | | |
| လူမျိုးစု (၂)----------- | | |
| လူမျိုးစု (၃)----------- | | |
| အိမ်ထောင်ဦးစီး | ၁၇ | ၃ |

### (ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

## (ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☑ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☑ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ချောင်းကျောက်လမ်း |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင်-၀း၅-/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်--၅ မိနစ်------ ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လား/မော်တော်ဘုတ်/ အခြား -----------------

မိုးရာသီတွင်ကြာချိန်------၁၀ မိနစ်---------- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လား/မော်တော်ဘုတ်/ အခြား -----------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ -၂၀၁၆ [illegible]

(၈) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ------------------------------------

(၂) ------------------------------------

ကျေးရွာခေါင်းဆောင် — အမည် - ဦးမြင့်မောင်မြိုင်

လက်မှတ် မြင့် — နေ့စွဲ ၁၄.၉.၂၀၁၇.

လူထုစည်းရုံးရေးမှူး — အမည် - ဒေါ်ကြာလဲမှိုင်.

လက်မှတ် Naing. — နေ့စွဲ ၁၄.၉.၂၀၁၇.

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

## ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဒေါ်ကလာမိုး | | | |
| နေ့စွဲ ၁၄.၉.၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☑ စက်ဝန်း(၃) ☐ စက်ဝန်း (၄) | |
| မြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် ဖြ.နယ် | ကျေးရွာအုပ်စု ကျွမ်းအစ်ကုန်း | ကျေးရွာ ကြာအင်းလေး |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 14.9.17 | 14.9.17 | 16 | 9 | 20 | ဗမာ \| ဗုဒ္ဓ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 14.9.17 | 14.9.17 | 16 | 9 | 20 | ဗမာ \| ဗုဒ္ဓ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 24.10.17 | 24.10.17 | 13 | 13 | 26 | ဗမာ \| ဗုဒ္ဓ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | 14.12.17 | 14.12.17 | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | 27.12.17 | 27.12.17 | 4 | 4 | 8 | ဗမာ \| ဗုဒ္ဓ |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | 26.12.17 | 26.12.17 | | | | \| |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဂယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | ၂၆.၁၂.၁၇ | ၂၆.၁၂.၁၇ | | | | – – |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | ၂၆.၁၂.၁၇ | ၂၆.၁၂.၁၇ | | | | – – |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | – – |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | – – |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | – – |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | – – |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | – – |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | – – |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| *လမ်းညွှန်ချက်၊* အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဒေါ်ကလျာဝိုင် |

| | | | |
|---|---|---|---|
| နေ့စွဲ 14.9.2017 | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☑ စက်ဝန်း(၃) ☐ စက်ဝန်း(၄) | |
| ~~ပြည်~~နယ်/တိုင်း မကွေး | မြို့နယ် ကျောက်ခင်း | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ရေရှားပါးခြင်း | ၁ | သောက်သုံးရေရှားပါးခြင်း |
| ၂ | သွားလာရေးခက်ခဲခြင်း | ၂ | လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း |
| ၃ | မိုးတွင်းရေကြီးခြင်း | ၃ | ပညာရေးအားနည်းခြင်း |
| ၄ | စားဝတ်နေရေးအတွက် ဝယ်ယူရန်ငွေ မပြေခြင်း | ၄ | မီးဖွားရေးအတွက် အလမ်းရှားပါးခြင်း |
| ၅ | ကျန်းမာရေးစောင့်ရှောက်မှု အားနည်းခြင်း | ၅ | ကျန်းမာရေးစောင့်ရှောက်မှု အားနည်းခြင်း |
| ၆ | ပညာရေး အားနည်းခြင်း | ၆ | သီးနှံတင်ပို့ရောင်းချရန် ခက်ခဲခြင်း |
| ၇ | သာသနာရေး အားနည်းခြင်း | ၇ | မိုးတွင်းချောင်းရေလျှံ၍ စိုက်ခင်းများပျက်စီးခြင်း |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | တစ်ရွာလုံး မီးလင်းရမည်။ | ၁ | တစ်ရွာလုံး မီးလင်းရမည် |
| ၂ | ရေကန်နှင့်ရေတွင်းရှိ၍ ရေမပြတ်စေရမည် | ၂ | ကျေးရွာမူလတန်းကျောင်းရှိရမည် |
| ၃ | ကမ်းပါးကျောက်တန်ရှိရမည် | ၃ | ကျေးရွာဆေးပေးခန်း ရှိရမည် |
| ၄ | ရွာလမ်းမကြီးကြီးရှိရမည်. | ၄ | ရေတွင်း၊ ရေကန် ပြည့်စုံရမည် |
| ၅ | ကွန်ကရစ်တံတား ဖြစ်ရမည်။ | ၅ | ကွန်ကရစ်တံတား ရှိရမည်။ |
| ၆ | မွေးမြူရေး လုပ်ငန်းများတိုးတက်စေ ချင်သည် | ၆ | အမျိုးသမီးများအတွက် စက်ချုပ်သင်တန်း ရှိရမည် |
| ၇ | [illegible] ရောင်းချလိုသည် | ၇ | ရွာလမ်းမကြီးကြီးရှိရမည်။ |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | ရေကန်၊ ရေစက်၊ ရေပိုက် သွယ်တန်းခြင်း | အမျိုးသား + အမျိုးသမီး | ၂,၃၀၀,၀၀၀ | ၆၀ ဦး |
| ၂ | ကွန်ကရစ်တံတား | ။ | ၁၀၀,၀၀၀,၀၀၀ | ၆၀ ဦး |
| ၃ | | | | |
| | | | | |
| ၅ | | | | |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ဆိတ်၊ ဝက်မွေးမြူရေး လုပ်ငန်း | အမျိုးသား | |
| ၂ | အပ်ချုပ်သင်တန်း | အမျိုးသမီး | |
| ၃ | မွေးမြူရေး လုပ်ငန်းများ | အမျိုးသမီး | |
| ၄ | | | |
| ၅ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦးမင်းချမ်းသာ လက်မှတ် နေ့စွဲ 14. 9. 2017.

ဒေါ်ခင်ချိုဝေ လက်မှတ် နေ့စွဲ 14. 9. 2017.

လူထုဗဟိုပြုစီမံကိန်း၊ စီမံကိန်းလမ်းညွှန်

အပိုင်း-၃ ၉.၉.၂၀၁၅

## ပုံစံPC-၄ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ

| | | |
|---|---|---|
| လမ်းညွှန်ချက်။ ။ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏ အကူအညီဖြင့်ပြည့်စုံစွာဖြည့်သွင်းရမည်။ဤပုံစံအားပြည့်စုံစွာဖြည့်သွင်းပြီးပါကကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင်နောက်ဆက်တွဲအဖြစ်တွဲထားရမည်။ CF မှ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ | | |
| ကျေးရွာစည်းရုံးရေးမှူး/ဂန်ထမ်းအမည် - ဓါတ်ကာကုန်း ၊ ဦး ... | | |
| နေ့စွဲ 24.10.17 | စက်ဝန်းအားအမှတ်ခြစ်ပေးပါ(✓)☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း<br>ဧရာဝတီတိုင်း | မြို့နယ်<br>ကြံခင်း | ကျေးရွာအုပ်စု<br>ဘွမ်းအစ်ကုန်း |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှထည့်ဝင်မှု | ကျေးရွာမှထည့်ဝင်မှု | အခြားထည့်ဝင်မှု(ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | |
| နံ့တောက်ကွင်း | အဝေးမီးလိုင်းဆွဲ | ၃၃hp, 15KV (၄၀၀၀') | ၃၇၉ ဦး | ☑အမျိုးသား<br>☑အမျိုးသမီး<br>☐အမျိုးသားနှင့်အမျိုးသမီး | ၆၁၅၀၀၀၀/- | - | - | - | ၆၁၅၀၀၀၀/- |
| ဖိုးခေါင်ကွင်း | အမြစ်တစ်ရေကန်/ပိုက်သွယ် | ၈'x၆'x၁၈' (၁၅ထောင်လီ) (၃၅၀၀') | ၃၃၃ ဦး | ☑အမျိုးသား<br>☑အမျိုးသမီး<br>☐အမျိုးသားနှင့်အမျိုးသမီး | ၆၁၃၀၀၀၀/- | - | - | - | ၆၁၃၀၀၀၀/- |
| ဘားယားကုန်း | အဝေးမီးလိုင်းဆွဲ | 25hp, 10KV (၁၆၀၀') | ၈၇ ဦး | ☑အမျိုးသား<br>☑အမျိုးသမီး<br>☐အမျိုးသားနှင့်အမျိုးသမီး | ၃၅၂၀၀၀၀/- | - | - | - | ၃၅၂၀၀၀၀/- |

လူထုဗဟိုပြုစီမံကိန်း၊စီမံကိန်း...ကြွ

အပိုင်း-၃ ၁၉.၉.၂၀၁၅

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ကြာအာဗါလော | အဖြစ်တစ် ရေထု / မိုက်ဘုယှ | ၈'x၆'x၁၈' (၁၅၀၀ဂါလံ) (၃၀၀၀') | ဂုဏ်ဦး | ☑အမျိုးသား ☑အမျိုးသမီး ☐အမျိုးသားနှင့် အမျိုးသမီး | ၆၄၀၀၀၀ိ | - | - | ၆၄၀၀၀၀ိ |
| | | | | ☐အမျိုးသား ☐အမျိုးသမီး ☐အမျိုးသားနှင့် အမျိုးသမီး | | | | |
| | | | | ☐အမျိုးသား ☐အမျိုးသမီး ☐အမျိုးသားနှင့် အမျိုးသမီး | | | | |
| | | | | ☐အမျိုးသား ☐အမျိုးသမီး ☐အမျိုးသားနှင့် အမျိုးသမီး | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဌ    အမည် ဒေါ်ခင်စန်းဝေ ၊ ဦးမင်းချစ်သူ

လက်မှတ် ---------------    ရက်စွဲ ၂၄.၁၀.၂၀၁၇

**၁၃။ (ပထမ +ဒုတိယ ) အကြိမ်ကျေးရွာ အစည်းဝေးမှတ်တမ်း**

ကြာအင်းလေး ကျေးရွာ၏ လူထုဗဟိုပြု စီမံကိန်း တတိယနှစ်စက်ဝန်း ကျေးရွာဖွံ့ဖြိုးရေး စီမံချက် ရေးဆွဲခြင်း နှင့် လူမှုဆန်းစစ်ချက်များ ပြန်လည်သုံးသပ်ခြင်း၊ ကော်မတီဝင်များ အတည်ပြု ရွေးချယ်ခြင်း အစည်းအဝေးကို (၁၄ . ၉ . ၂၀၁၇) တွင် ရွာသူရွာသားများ နှင့်အတူ ပြုလုပ်ကျင်းပ ခဲ့ပါသည်။

စီမံကိန်း ဒုတိယနှစ်တွင် ရွေးချယ်ခဲ့သော ကော်မတီဝင်များမှာ အားလုံးမပါဝင်တော့ သဖြင့် ကော်မတီထဲမှ သုံးလေးဦးမှာ အသစ်တဖန် ရွေးချယ်ကြရပါသည်။ ကော်မတီများ ရွေးချယ်ပြီးလျှင် အရင်နှစ်များက ရေးဆွဲအကောင်အထည်ဖော်ခဲ့သော လူမှုဆန်းစစ်ချက်များ၊အခက်အခဲ ပြဿနာများ မျှော်မှန်းချက်များ အားပြန်လည်စမ်းစစ်၍ ထပ်မံဖြည့်စွက်လိုသော အကြောင်းအရာများ ရှိပါက အကြံ ပြုနိုင်ရန် မေးမြန်းဆွေးနွေးခဲ့ကြပါသည်။

ထို့နောက်တွင် ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများအား ရွေးချယ်ကြပြန်ရာ စီမံကိန်း (ပ+ဒု) နှစ် တွင် ရွေးချယ်ဖော်ထုတ်ခဲ့သော ဖွံ့ဖြိုးရေး လုပ်ငန်းများထဲမှ အကောင်အထည်ဖော်ရန် ကျန်ရှိနေသေး သော ဦးစားပေး လုပ်ငန်းများအား ထပ်မံ၍စီစစ် ရွေးချယ်ခဲ့ကြပါသည်။ ထိုသို့ ရွေးချယ်ရာတွင် ကြာအင်းလေး ကျေးရွာ၏ ယခုနှစ် တတိယနှစ်စက်ဝန်း အတွက် ရွာသူရွာသားများ ရွေးချယ်ခဲ့သော ဦးစားပေး လုပ်ငန်းမှာ ရေကန်၊ ရေစက်ရုံ၊ ရေဖြန့်စနစ် လုပ်ငန်းဖြစ်ပါသည်။ ကော်မတီဝင်များ လက်မှတ်ထိုးခြင်း၊ မှတ်တမ်းတင်ဓါတ်ပုံရိုက်ခြင်းများ ပြုလုပ်ပြီး အစည်းအဝေးအောင်မြင်စွာ ပြီးဆုံးခဲ့ ပါသည်။

အစည်းအဝေးမှတ်တမ်းတင်သူ

ဒေါ်ဇာလီနိုင်

( လူထုစည်းရုံးရေးမှူး )

## ၁၄။ကျေးရွာကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁။ | ရေကန်၊ရေစက်၊ ရေပိုက်သွယ် တန်းခြင်း | ကျား<br>မ | ၂၀၁၈ | ရွာသူရွာသားများ | လူထုဗဟိုပြုစီမံကိန်း |
| | ၂။ | ကွန်ကရစ်တံတား | ကျား<br>မ | - | - | ကျေးလက်ဦးစီး ဌာန |
| | ၃။ | ကြိုးတံတား | ကျား<br>မ | - | - | ကျေးလက်ဦးစီး ဌာန |
| | | | | | | |
| | | | | | | |
| အသက်မွေးဝမ်းကြောင်း/စီးပွားရေး | ၁။ | ဆိတ်၊ နွား၊ မွေးမြူရေးလုပ်ငန်း | မ | - | ရွာသူရွာသားများ | မွေးမြူရေးဝန်ကြီးဌာန |
| | ၂။ | အပ်ချုပ်သင်တန်း | မ | - | ရွာသူရွာသားများ | INGO စက်မှုလက်မှုသင်တန်းကျောင်း |
| | ၃။ | မွေးမြူရေးလုပ်ငန်း | မ | - | ရွာသူရွာသားများ | မွေးမြူရေးဝန်ကြီးဌာန |
| | | | | | | |
| | | | | | | |
| အခြား | ၁။ | ကွန်ကရစ်မီးတိုင်၊ မီးကြိုး | ကျား<br>မ | - | ရွာသူရွာသားများ | EPC မြို့နယ်လျှပ်စစ်ဌာန |
| | | | | | | |
| | | | | | | |